ကျွန်ုပ်နှင့်မနုဿလူသားစားကျွန်း ( အပိုင်း ၃)




(၆)

သို့နှင့် ကျွန်ုပ်တို့အဖွဲ့လည်း ရိက္ခာများ စုစည်းပြီးသည်နှင့် မော်တော်တစ်စင်းငှားရမ်းရလေသည် ။ မော်တော်ကား အတော်အသင့်ကြီးမားပြီး မောင်းသူတစ်ယောက်နှင့် အကူနှစ်ယောက်ပါလေသည် ။ သို့နှင့် ကျွန်ုပ်တို့ အဖွဲ့နှင့် ပေါင်းလိုက်သောအခါ ၇ ယောက်ဖြစ်သွားပြီး မရဏခရီး (သို့မဟုတ်)နတ်သစ်ခွဖြူ ရှာပုံတော်ခရီးအား စတင် ခဲ့ကြ လေတော့သည် ။

ရာသီဥတုကား ကြည်လင်လှပေသည် ။ ပထမတစ်ရက် နှစ်ရက်တွင် ကမ်းရိုးတန်း ရှုခင်းများ ကျောက်ဆောင်များ နှင့် ငါးဖမ်းသင်္ဘောများအား ကြည့်ရင် ကြည်နူးပျော်ရွှင်နေခဲ့ကြသည်။ နောက် သုံးရက်မြောက်သောနေ့တွင်ကား ပင်လယ်ပြင်သို့ ရောက်ပြီ ဖြစ်သောကြောင့် အရပ်ရှစ်မျက်နှာလုံး အပြာရောင် ပိတ်ကားကြီး သဖွယ် ပြည့်နှက် နေတော့သည်။ ကျွန်ုပ်ကား လေကောင်းလေသန့်ရှုရင်း ကုန်းပတ်ပေါ်တွင် ရပ်နေခဲ့သည် ။ ထို့နောက် စက်ခေါင်းသို့သွားကာ ခရီးစဉ်အား မေးမြန်းလိုက်သည် ။

" ကျွန်တော်တို့ သွားမယ့် ကျွန်းက အတော်ဝေးသလားဗျ"

" အင်းမြေပုံထဲကအတိုင်းဆို အဲဒီကျွန်းကို တိုက်ရိုက်သွားလို့မရဘူးဗျ သူနဲ့ အနီးဆုံး ဖြစ်တဲ့ ကျွန်းနီကြီးဆီကို အရင်သွားရမယ် ကျွန်းနီကြီးက ငါးဖမ်းစက်လှေတွေ ခဏ တဖြုတ်နားတဲ့နေရာလေ အဲဒီကျွန်းနီကြီးဆီရောက်မှ ဖောင်ဖွဲ့ပြီး မရဏကျွန်းကို သွားရမှာ ကျွန်တော်တို့ စက်လှေက ကျွန်းနီကြီး ထိပဲလိုက်ပို့နိုင်မှာ ဗျ ဟိုဘက်ပိုင်း ဆို ကျောက်တောင်တွေ တအားများတဲ့အတွက် အရမ်း အန္တရာယ်များတယ်"

" အော်..ဟုတ်ကဲ့ ဒါနဲ့ အဲဒီကျွန်းနီကြီးဆီရောက်ဖို့ နောက်ထပ် ဘယ်နှစ်ရက်လောက် ကြာဦးမလဲဗျ"

" အင်း ..ရာသီဥတုကောင်းရင်တော့ နောက် ငါးရက်လောက်ဆို ရောက်ပါပြီ အဲ..ရာသီဥတုဆိုးရင်တော့ ဒီထက်ကြာ သွားချင်လည်း ကြာနိုင်တယ်ဗျ"

ဟု ပြန်ဖြေလေသည်။ သို့နှင့် ကျွန်ုပ်လည်း နောက်ထပ်သိချင်သည်လေးများအား မေးကာ အခန်းသို့ ပြန်ခဲ့လေသည် ။

ဒေါက်တာ နိုင်ဇော်ကား လက်စွဲတော်သေနတ်အား တိုက်ချွတ်ဆေးကြောနေလေသည်။ ကျွန်ုပ်အား တွေ့သော အခါ

" လာဗျို့ ကိုသက်တန့်ရေ အခြေအနေက ပြောမရဘူးဗျ နောက်လာမယ့် အချိန်မှာ အန္တရာယ်တွေ ဘာတွေ တွေ့ရင်တွေ့နိုင်တယ်ဗျ ဒါကြောင့် ဒီကောင်ကြီးကို သနေတာ"

ဟု ၎င်း၏ လက်စွဲတော် သေနတ်အား ပြရင်းပြောလေသည် ။ ကျွန်ုပ်လည်း မြေပုံကို ထုတ်ကာ ရှေ့ဆက်ရမည့် ခရီးအား တိုင်ပင်လေသည် ။

" အင်း ဒီတိုင်းဆို ကျွန်းနီကြီးဆီ ရောက်မှ နောက်ထပ် စီစဉ်ရတော့မှာပဲဗျ ဘယ်တတ်နိုင်မလဲဗျာ ကျောက်ဆောင် တွေပေါ်တော့လည်း မော်တော်သမားတွေက ဘယ်လိုက်ချင်ပဲ့မလဲ"

ဟု ဒေါက်တာနိုင်ဇော်က ပြောလေသည် ။ ထိုအခိုက် ညှိမောင်ဝင်လာကာ

" ဆရာတို့ ထမင်းစားလို့ရပြီဗျို့ ပင်လယ်ငါးရှ နဲ့ ပုဇွန်ထုပ်ဆီပြန် ကျောက်ပွင့်သုပ်နဲ့ ရေညှိဟင်းခါး စီစဉ်ထားတယ်"

" ဟား..ဟား...ပင်လယ်စာတွေချည်းပါလားကွ"

ဟု ကျွန်ုပ်ကပြောလိုက်လေတော့သည်။ သို့နှင့် ထမင်းစားခန်းထဲသို့ ဝင်ကာ ထမင်းစားသောက်ပြီးနောက် ကျွန်ုပ်လည်း ပျင်းရာကောင်းလှသော ပင်လယ်ပြင်ကြီးတွင် ပုံမှန်ခုတ်မောင်းနေသော မော်တော်ပေါ်၌ ပျင်းရိစွာ အိပ်စက် လိုက်လေတော့သည် ။ ယခုအချိန်ထိသော အရာရာသည် ပုံမှန်အတိုင်း အေးချမ်းစွာ လည်ပတ် တုန်းပင် ။ နောက်ရက်များတွင်လည်း ကျွန်ုပ်တို့သည် ငါးများလိုက် မြေပုံ ထုတ်ကြည့်လိုက် ရေးဟောင်း နှောင်းဖြစ်တွေပြောလိုက်နှင့် အချိန်ကို ကုန်လွန်စေခဲ့လေသည် ။ သို့နှင့် အက်ဒမန်ကျွန်းမှ စထွက်လာပြီး ရှစ်ရက် တိတိကြာသောနေ့တွင် ကျွန်းနီကြီးဆီသို့ ရောက်ခဲ့လေတော့သည် ။

ကျွန်းနီကြီးကား နာမည်နှင့်လိုက်အောင်ပင် ကုန်းမြေများက နီနေသည်။ သဲသောင်ပြင်မှ သဲမှုန်များသည်လည်း အနီရောင်သမ်းနေလေသည်။ ထို့နောက် ကျွန်းနီကြီးပေါ်တွင် ငါးဖမ်းသမားများ

တည်းခိုသော လိုက်ဂူများ အားတွေ့ရလေသည်။ အရင်လူများ နေခဲ့သောကြောင့် နေထိုင်ရသည်မှာ အလွန်အဆင်ပြေလေသည် ။ မော်တော်မောင်းသူက

" ကဲဒါဆို ကျွန်တော်တို့ ပြန်တော့မယ် ဒီကျွန်းကနေ ဟိုးအရှေ့စူးစူးမှာ မှုန်ပြပြလေး မြင်နေရတဲ့ ကျွန်းက ခင်ဗျားတို့ သွားချင်နေတဲ့ Death Island ပဲ ကျွန်တော်တို့လည်း အလုပ်ရှိသေးလို့ မနားတော့ဘူး တခါတည်း ပြန်တော့မယ် ဒီကျွန်းပေါ်မှာ သစ်ဂါးပေါပါတယ် ဖောင်ဖွဲ့ပြီး ဖြေးဖြေးချင်းသွားရင်ရောက်နိုင်ပါတယ် ဒီကျွန်းပေါ် ကိုတော့ သုံးလတစ်ခါလောက် ငါးဖမ်းစက်လှေတွေလာတတ်ပါတယ်"

ဟုပြောကာ မော်တော်အား လာလမ်းအတိုင်း ပြန်၍ မောင်းနှင်သွားလေတော့သည် ။ ကျွန်ုပ်တို့ လေးဦးလည်း ကျွန်းနီကြီးပေါ်တွင် ကမ်းခြေနှင့်အနီးဆုံး ဂူကြီးထဲတွင် ခဏတည်းခိုရန် ဆုံးဖြတ်လိုက်လေသည် ။

(၇)

ထို့နောက် ဖောင်ဖွဲ့ရန် လေးယောက်သား စတင်ပြင်ဆင်ရပေတော့သည် ။ ဤတွင် ညိုမောင်ကား အတော်အသုံးဝင်ပေသည် ။

" ဆရာ ဖောင်ဖွဲ့ဖို့ ကိစ္စကို ကျွန်တော်တို့ တာဝန်ထားလိုက်ပါ ကျွန်တော်နဲ့ ထွန်းလူနဲ့လုပ်လိုက်ပါ့မယ် ဆရာတို့ နှစ်ယောက်က တခြားကိစ္စတွေ တိုင်ပင်နှင့်ပါ"

ဟု ပြောကာ ဓါးမများယူ၍ ကျွန်းပေါ်သို့ ဝင်သွားလေကြတော့သည် ။ ဒေါက်တာ နိုင်ဇော်လည်း သေနတ်ကို ယူကာ အမဲပစ်မည်ဆိုကာ ကျွန်းအတွင်း ပိုင်းသို့ ဝင်သွားလေသည် ။ ထမင်းအိုးတစ်လုံးခန့် ကျက်ခန့်တွင် ဒေါက်တာနိုင်ဇော်ကား ချေတစ်ကောင်ကို ထမ်း၍ ပြန်လာလေသည် ။ ကျွန်ုပ်လည်း ချေကို ဖျက်ကာ ချေသားဟင်းကို စီမံလေသည် ။ ပါလာသော ဆန်များကို ဂါးဆစ်ပိုင်းများကို ခုတ်၍ ထည့်ကာ အသားခြောက် များနှင့် ရော၍ သဲများတူးကာ မြေမြှုပ်လေသည် ။ ထို့နောက် အပေါ်မှ မီးအုံကာ အပူပေးလေသည်။ ပါလာသော စည်သွတ်ဘူးများကိုလည်း အဆင်သင့် ဖောက်ထားလိုက်လေသည် ။ ချေကို ဖျက်ကာ အခြောက်ခံသည့်သည်ကို ခံ၍ ချက်ပြုတ်သင့်သည်ကို ချက်ပြုတ်လိုက်လေသည် ။ ညိုမောင်နှင့် ထွန်းလူတို့ကား သစ် ဂါးများ ခုတ်လာလိုက် လာစုပုံထားလိုက်နှင့် အလုပ်ရှုပ်နေလေတော့သည် ။ အတန်ကြာသောအခါ သဲမြေအောက်မှ ဂါးကျည် တောက်ကို ယူ၍ ခွဲလိုက်သောအခါ အလွန်မွှေးပျံ့သော ရနံ့ ထွက်ပေါ်လာလေတော့သည် ။ ထို့နောက် ညိုမောင် နှင့် ထွန်းလူတို့အားခေါ်ကာ ကျွန်ုပ်ချက်ထားသော ထမင်းအား ပိုင်း၍ စားကြလေတော့သည် ။

" ဟာ...ဆရာသက်တန့်က တိုက်ရည်ခိုက်ရည်တင်မကဘူး ထမင်းချက်လည်း တယ်ကောင်းကိုးဗျ"

ဟု ညိုမောင်က ချီးမွမ်းလေသည် ။ ထိုအခါ ထွန်းလူက

" ဟာဟာ.. ဒါခင်ဗျာ ကျုပ်ဆရာ ချက်တဲ့ အခြားဟင်းတွေ မစားဘူးသေးလို့နော် တော်ရုံမိန်းမတွေ လက်ဖျား ခါသွားလောက်တယ်"

ဟုပြောလိုက်လေသည် ။ ဒေါက်တာနိုင်ဇော်ကတော့ ကျွန်ုပ်ချက်ဖူးသော ထမင်းဟင်းများစွာကို တောင်တောင် များလည်ရင်း စားဖူးသောကြောင့် ပြုံးရုံသာ ပြုံးနေတော့သည် ။

ထို့နောက် နောက်ရက်များတွင်လည်း ညိုမောင် ၊ ထွန်းလူက ဖောင်ဖွဲ့ ကျွန်ုပ်က စားသောက်ရေးစီမံ ဒေါက်တာ နိုင်ဇော်ကား အမဲပစ်ထွက်လိုက် မြေပုံကို ကြည့်လိုက်နှင့် အလုပ်များနေလေတော့သည် ။

" ကျွန်တော်တို့ နောက် နှစ်ရက်လောက်ဆို ဒီကျွန်းကနေ ခွာလို့ရပြီဗျ ဒီကျွန်းကနေ သေမင်းကျွန်းကို သွားတဲ့ လမ်းကို အနီရောင်နဲ့ ပြထားတယ်ဗျ အတော်တော့ အန္တရာယ်များမယ်ထင်တယ် ဘာအန္တရယ် လည်းတော့ မသိဘူး"

" ဟုတ်တယ်ကိုနိုင်ဇော်ရ ဒီလမ်းကြောင်းမှာ စုပ်ပဲတွေလည်း ရှိနိုင်တယ် ပြီးတော့ ဟို အနောက်တောင်က နီညိုရောင် လေးကို လည်း ကျွန်တော်သိပ်မကြိုက်လှဘူးဗျ ဒီကောင်မုန်တိုင်းရဲ့ ရှေ့ပြေးနိမိတ်ဗျ ဘယ်အ ချိန်တိုက် မလဲလို့တော့ ခန့်မှန်းလို့မရဘူး နောက် ဒီရေပြင်အရောင်ကို ကြည့်ရတာ အသားစား ငါးမန်းတွေလည်း ရှိနိုင်တယ်ဗျ"

" အင်း ခင်ဗျားကတော့ အတော်ဗဟုသုတစုံတာပဲဗျာ"

" ဒီလောက်လည်း မဟုတ်ပါဘူးဗျာ ကြားဖူးတာလေးတွေ မှတ်ထားတာပါ နောက်ပြီး ကျွန်တော်က ရေဂဗ္ဗီ သားကိုးဗျ"

ဟု ပြောလိုက်လေတော့သည် ။ သို့နှင့် နောက်နှစ်ရက်ကြာသောအခါ ဖောင်ဖွဲ့ခြင်းကား ပြီးဆုံးသွားလေ၏ ။ ဖောင်ကား အတော်အသင့်ကြီးမားပြီး လူလေးယောက်သာသာလေး စီးနိုင်သည် ။ ယာယီတဲလေးတစ်လုံးလည်း ပါဝင်ပြီး လှော်တက်များလည်း ထွင်းထားကြလေသည် ။ သို့နှင့် ကျွန်ုပ်တို့ လေးဦးလည်း ထုပ်ပိုးစရာ ရှိသည်များ ကို ထုပ်ပိုးပြီး ဖောင်ကို ရေသို့ မျှောကာ ကျွန်းနီကြီးအား စွန့်ခွာ ခဲ့ကြလေတော့သည် ။

ရာသီဥတုကား ငွေရောင်လှိုင်းကြက်ခွပ်လေးများကြောင့် သာယာသယောင်ထင်ရလေ၏ ။ ကျွန်ုပ်ကား အနောက် တောင်ဖက်မှ နီညိုရောင်ကိုသာ စိုးရိမ်နေမိသည် ။ သို့သော်လည်း မတတ်နိုင်ပေ ။ မရေရာသည့် အရာကို ထိုင်စောင့်ခြင်းထက် ရေရာသည့်အလုပ်ကို သာ လုပ်ချင်ကြသည့် ကျွန်ုပ်တို့ ဉာဉ်များကြောင့် ပင်လယ်ပြင် တွင်း ခရီးဆက်ခဲ့ခြင်းသာ ဖြစ်၏ ။ Death Island ကား ဟိုးအဝေး...မှုန်ပြပြသာ ။

" အင်းကျွန်တော်တို့ ဒီမရဏကျွန်းကို ရောက်ဖို့ လိုအုန်းမယ်ဗျ မုန်တိုင်း မတိုက်ဖို့ကိုသာ ဆုတောင်းရမယ်ဗျာ"

ဟု ဒေါက်တာနိုင်ဇော်က ပြောလေသည် ။ သို့သော် ဒေါက်တာနိုင်ဇော်၏ ဆုတောင်းကား မပြည့်လိုက်ပါချေ ။ ကျွန်ုပ်တို့ ဖောင်ခရီး သုံးရက်မြောက်နေ့ နံနက်ခင်းပိုင်းတွင် ကံကြမ္မာဆိုးကား တင်တိုက်ခိုက်လာလေသည် ။ မိုးကောင်းကင်တစ်ခုလုံး တခဏတွင်းချင်းပင် မဟူရာ ရောင်သမ်းသွားလေတော့သည် ။ ထို့နောက် လှိုင်းတံပိုးများကား ဒေါမာန်ဟုန်ပြင်းစွာဖြင့် ပင်လယ်ပြင်တွင် သောင်းကျန်းလေတော့သည်။ ကျွန်ုပ်တို့ ဝါးဖောင်လေးကား အပြောကျယ်လှသော သမုဒ္ဒယာလေးအတွင်းတွင် သစ်ရွက်လေးအလား လေသင့်ရာ မျောပါနေတော့သည် ။

ကျွန်ုပ်တို့ လေးဦးလည်း ဖောင်ပေါ်မှ လွင့်စင်မကျစေရန်အတွက် အနီးမှ ပစ္စည်းများကို ကိုင်ထားရသည် ။ တစ်ချီတွင် လွန်စွာ ကြီးမားသော လှိုင်းလုံးကြီးက အဝေးမှ နေ၍ ကျွန်ုပ်တို့ ဖောင်လေးဆီသို့ ပြေးလာနေသည် ။ ဒီတစ်ချီတော့သွားပြီဟု ကျွန်ုပ်တွေးထင်လိုက်၏ ။ ထင်သည့်အတိုင်းပင် ကျွန်ုပ်တို့ ဖောင်လေးကား ပေ ၃၀ ခန့်ထိ မြင့်တက်သွားလေသည် ။ ထို့နောက် ရေပြင်သို့ ပြန်အကျတွင် ကျွန်ုပ် ဦးခေါင်းတွင် ပူကနဲ ဖြစ်သွားပြီး အရာရာသည် မှောင်မိုက်သွားလေတော့သည် ။ ဒေါက်တာနိုင်ဇော် ၊ ညိုမောင် ၊ ထွန်းလူတို့လည်း ဘယ်ရောက် ကုန်သည်မသိ အသက်ရှင်သည် သေသည်ကိုပင်မသိရသေးပေ ။ ကျွန်ုပ်လည်း သတိလစ်ပြီး ရေထဲမျော ပါလာရာမှ ရေစီးကြောင်းသင့်သဖြင့် ဤကျွန်းပေါ်သို့ မျောပါလာဟန်တူသည် ။

ကျွန်ုပ်လည်း အတွေးလွန်သွားသဖြင့် အတော်ညဥ့်နက်သွားကာ မနက် နေထိုးမှ နိုးလေသည်။ သို့နှင့် ကျွန်ုပ်လည်း ညက ယူလာသော အုန်းသီးတစ်လုံးကို ခွဲကာ အဆာပြေသောက်လိုက်ပြီး ညက ချန်ထားသော ပုဇွန်ကင်အားလှမ်းလိုက်ရာ ပုဇွန်ကင်ကား မရှိတော့ပေ ။ ကျွန်ုပ်လည်း စဉ်းစားမတတ်အောင်ဖြစ်သွားပြီး ဤကျွန်းပေါ်တွင် ကျွန်ုပ် အပြင်အခြား သက်ရှိတစ်ဦးများ ရှိသေးသလော ။ ပုဇွန်ကင်သည် သူ့ဟာ သူတော့ ခြေထောက်ပေါက်ပြီး ထွက်မပြေးတန်ရာ ။

ကျွန်ုပ်လည်း ဆက်၍ မစဉ်းစားတော့ပဲ သောက်ရေရှာရန် ကျွန်းအတွင်းပိုင်းသို့ ဝင်ခဲ့လေတော့သည် ။ အနေတော် သစ်ဝါးများကို ဖြတ်တောက်ကာ စို့ ပုံသဏ္ဍာန်များ ပြုလုပ်ပြီး ဆောင်ယူခဲ့လေသည် ။ အန္တရာယ်နှင့် တွေ့သောအခါ လက်နက်သည် တိုက်ပွဲတစ်ခုအား အဆုံးအဖြတ်ပေးသော တရားသူကြီးပင်ဖြစ်သည်ဟု ကျွန်ုပ်ယူဆလေသည် ။ ကျွန်းပေါ်သို့ သွားကြည့်မှသာလျှင် ကျွန်းကား ကျွန်ုပ်ထင်ထားသည်ထက် ကြီးမားကြောင်း တွေ့ရလေသည် ။ သို့နှင့် ဆက်လျှောက်လာခဲ့ရာ တစ်နေရာတွင် ရေစီးကြောင်းသံကြားရသဖြင့် အသံကြားရာသို့ လိုက်လာခဲ့ရာ ကြည်လင်သော စမ်းချောင်းလေး တစ်ခုကို တွေ့ရလေသည် ။ ကျွန်ုပ်လည်း ယူဆောင်လာသော ဓါးသဏ္ဍာန် ကျောက်လက်နက်နှင့် ဝါးများအား တစ်ဖက်ပိတ်များ ဖြစ်အောင် ဖြတ်တောက်ပြီး သောက်ရေများကို သယ်ဆောင်ခဲ့လေတော့သည် ။ ထို့နောက် ဂူသို့ရောက်သော် သောက်ရေများ ထားပြီး ဟင်းစားရှာရန်ထွက်ခဲ့လေတော့သည် ။ ထိုအခိုက် ကျွန်ုပ်နားထဲတွင် စစ်ချီသော တပ်ကြီးတစ်ထပ် လမ်းလျှောက်လာသော အသံများကို ပီပီသသ ကြားလိုက်ရလေသည် ။ ကျွန်ုပ်လည်း အံ့ဩလွန်းသဖြင့် သဲသောင်ပြင်နှင့် ကပ်ပြီး နားထောင်ကြည့်ရာ အသံများသည် ကျွန်ုပ်တို့နှင့် ကိုက်၁၀၀ မျှ အကွာမှ လာသော အသံများ ဖြစ်ကြောင်း တွေ့ရလေတော့သည် ။

(၈)

သို့နှင့် အသံကြားရာဆီသို့ ကျွန်ုပ်လည်း လက်နက်များကို ယူ၍ သတိကြီးစွာ ဖြင့် ချဉ်းကပ်ခဲ့လေတော့သည် ။ အတန်ကြာသောအခါ ကျွန်ုပ်၏ တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော မြင်ကွင်းကို မြင်လိုက် ရသောကြောင့် ကြက်သေသေသွားမိသည် ။ ထောင်ပေါင်းများစွာ သောဂဏန်းနီများသည် ပင် လယ်ပြင် မှ ကျွန်းပေါ်သို့ တက်လာခဲ့ရာ သဲသောင်ပြင်တစ်ခုလုံး ရဲရဲ နီနေလေတော့သည်။





ကျွန်ုပ်လည်း ဤမျှများပြားသော ဂဏန်းနီများကို တစ်ခါမှ မမြင်ဖူးသောကြောင့် ငေးကြည့်နေမိရာ အချိန်အတော်ကြာလေသည် ။ ဂဏန်းနီများသည် ရေထဲတွင် ဥ ဥပြီး သဲသောင်ပြင်သို့ ပြန်တက်လာ ဟန်တူ သည်။ ဆိုင်ရာ ဆိုင်ရာ တွင်းများထဲသို့ ဝင်သွားပြီးနောက် အသီးသီး ဝင်ရောက် ပျောက်ကွယ်

သွားကြ လေတော့ သည်။ ကျွန်ုပ်လည်း တွင်းထဲသို့ မဝင်သေးသော ဂဏန်းနီ များထဲမှ သုံးကောင်ကို ဖမ်းပြီး ဂူသို့ ပြန်လာခဲ့လေတော့သည် ။ ဂဏန်းနီများသည် ယောက်ျားလက်သီး ဆုပ်ပမာဏခန့် ရှိလေသည် ။ ဂဏန်းနီ များကို ခရုခွံထဲထည့်၍ ရေနှင့်ပြုတ်ကာ နွှာပြီးစားသောက်ကြည့်ရာ လွန်စွာ အရသာ ထူးကဲလှကြောင်း တွေ့ရလေသည် ။

ကျွန်ုပ်လည်း ဂဏန်း နှစ်ကောင်မျှစားသုံးပြီးနောက် ကျန်တစ်ကောင်အား ညနေမှစားရန်ချန်ထား လိုက်လေ သည် ။ ထို့နောက် အစာရှာဖွေရန် ကျောက်ဆောင်များဆီသို့ သွားရောက်ကာ ငါးပုဇွန်များ ဖမ်းဆီးခဲ့လေ တော့သည် ။ ကျွန်ုပ် ဂူသို့ ပြန်ရောက်သောအခါ စောစောက ထားခဲ့သော ဂဏန်း တစ်ကောင်မှာ မရှိတော့ပေ ။ ကျွန်ုပ်လည်း ဤသို့ အစာများ ပျောက်ဆုံးနေမှုအား လက်သည်တရားခံ တစ်စုံတစ်ခု ရှိရမည်ဟု တွေးတောမိလေသည် ။ ကျွန်ုပ်၏ မိတ်ဆွေများလည်း ဘယ်ရောက်ကုန်ကြသည် မသိပေ ။ ကြောက်ရွံ့ အားငယ်ခြင်းမဟုတ်သောလည်း လူမရှိသူမရှိ ကျွန်းကြီးပေါ်တွင် တစ်ယောက်တည်း နေထိုင် ရခြင်းကား လွန်စွာ အထီးကျန်ဆန်လှပေသည် ။ ကျွန်ုပ်လည်း ပျင်းပျင်းရှိသည်နှင့် ကျောက်လက်နက်များ ပြုလုပ်ပြီး ပင်လယ်ရေ စီးကြောင်းများမှတဆင့် မျောပါလာသော ပစ္စည်းများအား လိုက်လံ ရှာဖွေလေတော့သည် ။ သို့နှင့် အုန်းရေ သောက်လိုက် ငါးကင်ပုဇွန်ကင်စားလိုက်၊ ပင်လယ်ပြင်ကြီးအား ငေးမောကြည့်လိုက်နှင့် အချိန်များအား ကုန်လွန် စေခဲ့တော့သည် ။

ဤ ကျွန်းကြီးပေါ်သို့ ကျွန်ုပ်ရောက်ရှိပြီး ၃ ရက်မြောက်နေ့ညတွင် ထူးဆန်းဖြစ်စဉ်များကို စတင်ကြုံ တွေ့လေတော့သည် ။ ပင်လယ်ပြင်ကား လရောင်ကြောင့် တလှပ်လှပ်ထကာ ရင်သပ်ရှုမောဖွယ်ဖြစ်နေ၏ ။ တစ်ချက်တစ်ချက်တိုက်ခတ်လိုက်သော ရေလှိုင်းသံများမှအပ အရာအားလုံးသည် ပကတိ တိတ်ဆိတ်လျက် ။

အပိုင်း (၄) မျှော်

သက်တန့်ရှို (၂၆ ဧပရယ် ၂၀၁၀)